## ဒါမှ ပစ္စည်းမဲ့အစစ်

ဆိုဗီယက်ပုလိပ်နှစ်ယောက်သည် လမ်းသွားလမ်းလာတစ်ဦးကို တားပြီး စာရွက်စာတမ်းတွေ တောင်းသည်။

ထိုသူတွင် ဆီးစစ်ထားသည့် စာရွက်သာပါသည်။

ပုလိပ်နှစ်ယောက် စာရွက်ကို ဖတ်ကြည့်ကြသည်။

'ပရိုတင်း. . . . မရှိ။ သကြား. . . . မရှိ။ အဆီ . . . မရှိ! တဲ့။ သွားလို့ ရပါပြီ။ ပစ္စည်းမဲ့ရဲဘော်။ ကမ္ဘာ့တော်လှန်ရေး အစွန့်ရှည်ပါစေ'

ပုလိပ်နှစ်ယောက် ထိုလူကို သွားခွင့်ပြုလိုက်သည်။

■

## စတာလင့်ဆေးတံ

ဂျော်ဂျီယာမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စတာလင်ထံ လာရောက်လည်ပတ်သည်။ စတာလင့်စာကြည့်ခန်းထဲတွင် စကားပြောဆိုပြီး နောက်ပြန်သွားကြသည်။

ကိုယ်စားလှယ်အဖွဲ့ထွက်သွားရုံရှိသေး စတာလင် သူ့ဆေးတံကို ရှာသည်။ မရှိတော့။ အံဆွဲတွေဖွင့်ရှာသည်။ စားပွဲပေါ် က စာရွက်တွေကို ဖယ်ရှားလှန်လှောကြည့်သည်။ ဘယ်မှာမှ မတွေ့။ စတာလင် နိုင်ငံရေးပုလိပ် အဖွဲ့အကြီးအကဲ ဘဲရီးယားကို လှမ်းခေါ်သည်။

'ဘဲရီယား ငါ့ ဆေးတံပျောက်သွားတယ်။ ဂျော်ဂျီယာ ကိုယ်စားလှယ်အဖွဲ့နောက် လိုက်ပြီးမေးကြည့်စမ်း။ သူတို့ထဲက တစ်ယောက်ယောက်များ ယူသွားသလားလို့"

ဘဲရီးယား အပြေးထွက်သွားသည်။ စတာလင်သူ့ ဆေးတံကို ဆက်ရှာသည်။ ငါးမိနစ်ခန့်ကြာသောအခါ သူ့ဆေးတံကို စားပွဲအောက်ကြမ်းပြင်ပေါ်မှာ တွေ့သည်။

ဘဲရီယားကို ပြန်ခေါ်သည်။

"ငါ့ဆေးတံတွေ့ပြီကွ၊ ဂျော်ဂျီယာတွေကို ပြန်လွှတ်လိုက်တော့"

စတာလင်က ပြောလိုက်သည်။

ထိုအခါ ဘဲရီးယားက

"နည်းနည်းနောက်ကျသွားပြီ ခင်ဗျာ။ ကိုယ်စားလှယ် အဖွဲ့ထဲက လူတစ်ဝက်က ဆေးတံကို သူတို့ယူကြောင်း ဝန်ခံလိုက်ပါပြီ။ ကျန်တဲ့ တစ်ဝက်ကတော့ စစ်ဆေးမေးမြန်းနေတုန်း သေသွားကြပြီခင်ဗျ" ဟု ပြောလိုက်လေသည်။

■

## အပြစ်ကင်းသူ

ဆိုဗီယက် အကျဉ်းစခန်းသို့ အကျဉ်းသား အသစ်တစ်ဦး ရောက်လာသည်။ အတူနေ အကျဉ်းသားများက သူ့အား ထောင် ဘယ်နှစ်နှစ်ကျသလဲ ဟုမေးသည်။

"၂၅ နှစ်ပါ" ဟု လူသစ်က ဖြေသည်။

"ဘာဖြစ်လို့ ကျတာလဲ"

"ဘာဖြစ်လို့မှ မဟုတ်ဘူး။ ကျွန်တော် ဘာမှ မလုပ်ခဲ့ဘူး။ ကျွန်တော့်မှာ အပြစ်မရှိဘူး"

"မဟုတ်တာတွေ ပြောမနေပါနဲ့ကွာ။ အပြစ်မရှိတဲ့ လူကို ထောင်ငါးနှစ်ပဲ ချတာပါ"

■